တရားမပုံစံအမှတ်၉၄

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊နည်းဥပဒေ-၆၆

ညောင်ဦးခရိုင် တရားရုံးတော်

၂၀၂၄ ခုနှစ်၊ ဇာရီမှုအမှတ် ၁

**ပထမပုဂ္ဂလိကဘဏ်လီမိတက်(ကိုယ်စား)**
**၁။ ဒေါ်သိန်းသိန်းဌေး**
**၂။ ဒေါ်နွယ်နွယ်ရီ**

**နှင့်**

**ဒေါ်တင်တင်မာ**

ဒီကရီအနိုင်ရသူ　　　　　　　　　　　တရားရှုံး

ညောင်ဦးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၄၁/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖေါ်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဇွန် လ၊ ၂၈ ရက်၊** နံနက်၁၀၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

<u>လေလံရောင်းချမည့်စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက် အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါကတရားရုံးကတာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအားလေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်းရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီးမရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည်ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှ သာလေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ မေ လ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(တံဆိပ် - မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တရားရုံး)

(လက်မှတ်) ၂၁.၅.၂၄
(ဌေးဌေးဆွေ)
ဒုတိယခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

<u>ပစ္စည်းစာရင်း</u>

(က) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်ရှိ မြေတိုင်းအခေါ် ကွင်းအမှတ်နှင့်အမည်-(၂၀၆၈)လေးရွာကွင်း၊ ဦးပိုင်အမှတ်(၁၀၃)၊ မြေကွက်အမှတ်(၄၉/၄၂၁)၊ မြေဧရိယာ(၀.၀၇၈)ဧကအကျယ်ရှိ (၂၇.၆.၂၀၀၅)မှ (၂၆.၆.၂၀၃၅)ရက်နေ့အထိ သက်တမ်းရှိသော နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦးများအားလုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ် နှင့်

(ခ) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်ရှိ မြေတိုင်းအခေါ် ကွင်းအမှတ်နှင့်အမည်-(၂၀၆၈)လေးရွာကွင်း၊ ဦးပိုင်အမှတ်(၈၇)၊ မြေကွက်အမှတ်(၇)၊ မြေဧရိယာ(၀.၀၃၃)ဧကအကျယ်ရှိ (၂၁.၇.၂၀၁၄)မှ (၂၀.၇.၂၀၄၄)ရက်နေ့အထိ သက်တမ်းရှိသော ဒေါက်တာ ထွန်းလှအောင် နှင့် ဇနီး ဒေါ်တင်တင်မာတို့ အမည်ပေါက်နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦးများအားလုံး နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

| | | |
|---|---|---|
| ရောင်းချမည့်နေ့ | - | ၂၈.၆.၂၀၂၄ |
| ရောင်းချမိန့်ပြန်သွင်းမည့်နေ့ | - | ၂.၇.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း(၈၀၀၀) |